ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (23-11-2011) (၆၉၅၂)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ဗုဒ္ဓမြတ်စွယ်တော်အား အနေကဇာတင်ခြင်းနှင့် ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနား ကျင်းပ

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ဖူးမြော်ကြည်ညို



နေပြည်တော် နိုဝင်ဘာ ၂၂

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အရှေ့ဘက်လိုဏ်တော်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ဖူးမြော်ကြည်ညိုပူဇော်ကြသည်။**

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော်ပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးမျက်နှာစုံညီအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီး သီးသန့်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali International Convention Centre (BICC), Nusantara-3 ခန်းမ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးမျက်နှာစုံညီ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီး သီးသန့်အစည်းအဝေးများသို့ တက်ရောက်သည်။

ရှေးဦးစွာ (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီး သီးသန့်အစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၂၃-၁၁-၂၀၁၁ [ဗုဒ္ဓဟူးနေ့]။

# အားကစားဟူသည် နိုင်ငံ့ဂုဏ်နှင့် လက်ရုံးရည်

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသည် နိုဝင်ဘာ ၂၂ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားတောင်ပိုင်း၏မြို့တော် ပါလမ်ဘန်မြို့ အားကစားပြိုင်ကွင်းကြီးအတွင်း အင်ဒိုနီးရှားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ၊ ခေတ်မီအီလက်ထရွန်နစ်နှင့် အိုင်တီနည်းပညာများကို ပေါင်းစပ်ကာ ကြီးကျယ်ခမ်းနားလှပစွာ ဆင်ယင်ကျင်းပခဲ့သော အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကြီးနှင့်အတူ အောင်မြင်စွာပြီးစီးသွားခဲ့ပြီ ဖြစ်သည်။

နိုဝင်ဘာ ၁၁ ရက်တွင် ဖွင့်ပွဲအခမ်းအနားနှင့်အတူ စတင်ကာ ၁၁ ရက်ကြာကျင်းပခဲ့သည့် အဆိုပါအားကစားပြိုင်ပွဲကြီးဆီသို့ အရှေ့တောင်အာရှဒေသမိသားစုဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားများက မိမိတို့၏ နိုင်ငံများကို အသီးသီးကိုယ်စားပြုကာ လာရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အားကစားပြိုင်ပွဲအလိုက် ဆုတံဆိပ်များ အသီးသီး ဆွတ်ခူးရယူကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ခဲ့ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲကြီးတွင် အားကစားနည်းပေါင်း ၄၄ မျိုး ထည့်သွင်းကျင်းပသည့်အနက် မြန်မာနိုင်ငံက အားကစားနည်း ၂၇ မျိုး၌ ဝင်ရောက်ယှဉ်ပြိုင်ကာ ပြိုင်ပွဲ ၂၂ မျိုးတွင် ရွှေ ၁၆ ဆု၊ ငွေ ၂၇ ဆု၊ ကြေး ၃၇ ဆု စုစုပေါင်း ဆုတံဆိပ် ၈၀ ဆွတ်ခူးကာ နိုင်ငံအလိုက် အဆင့်(၇)တွင် ရပ်တည်ခဲ့သည်။

အားကစားပြိုင်ပွဲတစ်ရပ်တွင် ပြိုင်ဘက်များကို အနိုင်ယူကာ အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော ရွှေဆုကို ဆွတ်ခူးနိုင်ချိန်တွင် အမျိုးသားသီချင်းသံနှင့်အတူ နိုင်ငံတော်အလံ အမြင့်သို့တက်သွားချိန်၌ ခံစားရသော ပီတိသောမနဿမှာ ကြက်သီးမွေးညင်းတို့ ထရသည်အထိ ဖြစ်သည်။ ဤသည်မှာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်သည့် နိုင်ငံတိုင်းမှ နိုင်ငံသားတို့ ခံစားကြရသည့် အမျိုးသားရေးပီတိဟု ဆိုနိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံက အားကစားနည်းခြောက်မျိုးမှ ရွှေဆု ၁၆ ဆု ဆွတ်ခူးနိုင်ခဲ့ရာ အောင်မြင်မှုအရဆုံးမှာ ရိုးရာလေ့ အားကစားဖြစ်ပြီး စုစုပေါင်း ရွှေကိုးဆု ဆွတ်ခူးခဲ့သည်။ မြန်မာတစ်မျိုးသားလုံးက မယုံမရဲနှင့် အားခဲမျှော်လင့်ခဲ့ကြသည့် ဘောလုံးအားကစားမှာမူ ထိပ်ဆုံးလေးသင်းဝင်ကာ တတိယကြေးဆု ဆွတ်ခူးခဲ့သဖြင့် ဖြေဆည်ရာရခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ လာမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို နှစ်နှစ်တည်းဟူသော ကာလတစ်ရပ် ကျော်ဖြတ်အပြီးတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရတော့မည်ဖြစ်သည်။ အားကစားပြိုင်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးနှင့် မိမိတို့အားကစားအသင်းများ အောင်မြင်မှု မြင့်မြင့်မားမား ရရှိရေးတို့အတွက် ပြုဖွယ်မှန်သမျှတို့ကို အဆိုပါကာလအတွင်း ပြီးမြောက်အောင် အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရရှိခဲ့သည့်အောင်မြင်မှုအခြေအနေနှင့် ရပ်တည်မှုအဆင့်အတန်းတို့သည် အိမ်ရှင်နိုင်ငံဖြစ်လာမည့်အချိန်တွင် မိမိတို့ရယူလိုသော အောင်မြင်မှုအဆင့်အတန်းအတွက် မည်မျှအားထုတ်ရဦးမည်ကို ပြသနေသည့် အညွှန်းကိန်းများဖြစ်သည်ဟု ယူဆလျှင် သင့်ပေလိမ့်မည်။ ပြိုင်ပွဲတိုင်းတွင် အမြင့်မားဆုံးသော အောင်မြင်မှုကို တရားသဖြင့် ယှဉ်ပြိုင်ရယူကာ ပြိုင်ဘက်နိုင်ငံများ၏ အလယ်တွင် ဝင့်ထည်စွာဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ရေးအတွက် ယနေ့ကပင် စတင်ဆောင်ရွက်ကြရမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# ဗုဒ္ဓမြတ်စွယ်တော် နေပြည်တော်၌ အပူဇော်ခံစဉ် ငွေကျပ်သိန်း ၄၅၈၀ ကျော်၊ နိုင်ငံခြားငွေမျိုးစုံနှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ တန်ဖိုးငွေကျပ် ၁၂၂၆ သိန်းကျော်ကို သဒ္ဓါဖွေးဖြူပေးလှူခဲ့ကြ

နေပြည်တော် နိုဝင်ဘာ ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော်ဉပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း နိုဝင်ဘာ ၆ ရက်မှ ၂၁ ရက်အထိ ၁၆ ရက်ကြာ ယာယီသီတင်းသုံးအပူဇော်ခံခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပင့်ဆောင်သွားပြီဖြစ်သည်။

နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဗုဒ္ဓမြတ်စွယ်တော် စတင်အပူဇော်ခံသည့် နိုဝင်ဘာ ၆ ရက် ညနေပိုင်းမှ ယနေ့နံနက်ပိုင်းအထိ အလှူခံဌာနများ၏ အလှူခံရရှိမှု စုစုပေါင်းမှာ အလှူတော်ငွေကျပ် ၄၅၈၄၉၄၅၃၂ ကျပ်၊ FEC ၁၀၇ ယူနစ်၊ အမေရိကန်ဒေါ်လာ ၁၀၂၉၀၊ ရီမင်ဘီ ၄၇၉၈ ယွမ်၊ ထိုင်းဘတ် ၆၅၅၃၊ ဖိလစ်ပိုင်ပီဆို ၅၂၀၊ မလေးရှားရင်းဂစ် ၃၅၁၊ အင်ဒိုနီးရှားရူပီးယား ၄၉၄၅၀၀၊ အိန္ဒိယရူပီး ၃၂၈၄၊ ဗီယက်နမ်ဒေါင် ၁၄၈၂၀၀၊ ကမ္ဘောဒီးယားရီယယ် ၇၆၀၀၊ စင်ကာပူဒေါ်လာ ၁၄၉ ဒေါ်လာ၊ ကိုရီးယားဝမ် ၁၆၈၇၀၊ စတာလင်ပေါင် ၅၊ ဂျပန်ယန်း ၅၀၀၀၊ သီရိလင်္ကာရူပီး ၃၂၀၊ နီပေါရူပီး ၂၀၊ ဘူတန်နူထရန် ၆၊ လာအိုကစ် ၁၀၀၀၊ အိုမန်ဘိုင်းစာ ၁၀၀၊ တောင်အာဖရိကရမ် ၄၀၊ ဗင်နီဇွဲလား ဗိုလီဗား ၆၀၀၀၊ ဟောင်ကောင် ဒေါ်လာ ၂၀၊ ယူရို ၃၀၊ ဖရန့် ၁၀ နှင့် ရွှေငွေလက်ဝတ်ရတနာမျိုးစုံ ၁၆၃၅ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၆၉၉၄၆၀ တို့ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုက ရွှေဆွဲကြိုး သုံးကုံး၊ ရွှေလက်စွပ် တစ်ကွင်း၊ ငါးမူးသား ရွှေဒင်္ဂါးပြား တစ်ပြားနှင့် အဖြူရောင်တာ ၁၆ ပွင့်ပါ ရွှေနားကပ်တစ်ရန် စုစုပေါင်း ကျောက်မျက်ရတနာခြောက်ခု လှူဒါန်းခဲ့ပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၀၀၀၀ ဖြစ်သည်။

(သတင်းစဉ်)

# လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိပါက စက်မှုကဏ္ဍ မြင့်မားတိုးတက်လာစေရေးအတွက် မည်သည့်စက်မှုထုတ်ကုန်မဆို ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လွတ်လပ်စွာလုပ်ဆောင်နိုင်ရန် ခွင့်ပြုပေးမည်

နေပြည်တော် နိုဝင်ဘာ ၂၂

**နိုင်ငံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး တူညီသည့်ရည်မှန်းချက်ဖြင့် တည့်မတ်မှန်ကန်စွာ ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားရန်၊ ထင်သာမြင်သာသည့် ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ပြသနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နိုင်ငံသားများအတွက် တစ်ဦးချင်းဝင်ငွေတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်တို့အတွက် အရေးကြီးသည့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု၊ စက်မှုကဏ္ဍ စွမ်းအင်သုံးစွဲမှုနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ အမှတ်(၁)နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆွေးနွေးပြောကြားသည်။**

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအတွင်း ထွက်ရှိသည့် သယံဇာတအရင်းအမြစ်များ အပေါ်မူတည်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးကိုအခြေခံ၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် အရင်းအနှီးများ ဖိတ်ခေါ်ရေး၊ ရင်းနှီးမြှုပ်နှံသည့် ဒေသတွင်းရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့ကို ထိခိုက်မှုမရှိစေရေး သတိပြုဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးလာပါက နိုင်ငံ့စီးပွားရေး တိုးတက်လာပြီး နိုင်ငံသားများအနေဖြင့် ရေမြင့်ကြာတင့်ဆိုသကဲ့သို့ လူနေမှုဘဝ မြင့်မားလာမည်ဖြစ်သဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအပေါ် ဖိတ်ခေါ်ရန် အခွင့်အလမ်းကောင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံသားများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် နည်းပညာအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးနှင့် ခေတ်စနစ်အလိုက် တိုးပွားလာသည့်လူဦးရေနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် စက်မှုကဏ္ဍ တိုးတက်ရေးသည် အရေးပါကြောင်း၊ ဈေးကွက်နှင့်ယှဉ်၍ အလေးထားသည့် စက်မှုထုတ်ကုန်များကို အဓိကဦးစားပေး အဖြစ် ထုတ်လုပ်သွားရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသားများ လူနေမှုဘဝ အဆင့်မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့် အရင်းအနှီးများကို အလေးထားသုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများ အနေဖြင့်လည်း မိမိတို့ဒေသရှိ သယံဇာတ အရင်းအနှီးများအပေါ်မူတည်၍ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို အလေးထား လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ခိုင်မာအောင် တည်ဆောက်ရာတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိပါက စက်မှုကဏ္ဍမြင့်မား တိုးတက်လာစေရေးအတွက် မည်သည့် စက်မှုထုတ်ကုန်မဆို ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လွတ်လပ်စွာ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းဖြင့်လည်း ထည့်သွင်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စက်မှုလက်မှုဝန်ကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ အမှတ်(၁)နှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု၊ စက်မှုကဏ္ဍ စွမ်းအင်သုံးစွဲမှုနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေး ပြောကြားစဉ်။** (သတင်းစဉ်)

***ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့***

## မန္တလေးကုန်စည်ဈေးနှုန်း

(၂၂-၁၁-၂၀၁၁)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၂၂၅၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၂၇၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၄၅၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဇီယာ(ဟောင်း) | ၂၁၅၀၀ |
| ဇီယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ဧရာမင်း | ၂၆၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၀၀၀/၃၇၀၀ |
| နှမ်းဆီ | ၂၄၅၀/၂၅၀၀ |
| ပန်းနှမ်းဆီ | ၂၆၀၀/၃၀၀၀ |
| နေကြာဆီ | ၂၇၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၅၀/၂၈၅၀ |
| စားအုန်းဆီ | ၁၈၀၀/၁၈၄၀ |
| ကြက်ဆူဆီ | ၃၂၀၀ |

**(၀၀၂)**

# အထက(၂) ဒဂုံ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၂

၁၉၇၄-၁၉၇၅ ခုနှစ် မြို့မအမျိုးသားအထက်တန်းကျောင်း၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၂) ဒဂုံ ဆရာကြီးဦးဘလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ထွန်းနိုင် ဖုန်း-၀၉-၅၀၀၃၄၃၈၊ သန်းဇော် ဖုန်း-၀၉-၇၃၀၅၂၈၂၇၊ ဇော်ဝင်း ဖုန်း-၀၉-၅၁၀၆၄၇၅နှင့် မျိုးသန်း ဖုန်း-၀၁-၅၂၄၂၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၈၉၂ | ၀. ၀၃၂၀၆ |
| တရုတ် (ယွမ်) | ၆. ၃၅၂၇၀ | ၀. ၁၅၇၄၁ |
| အိန္ဒိယ (ရူပီး) | ၅၂. ၂၆၀၀ | ၀. ၀၁၉၁၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၇၆၉၀ | ၀. ၃၁၄၇၇ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၀၅၄ | ၀. ၇၆၈၉၁ |
| ဂျပန် (ယန်း) | ၇၆. ၉၁၇၉ | ၀. ၀၁၃၀၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၃. ၆၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၃၈၃၄ | ၁. ၃၅၄၃၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၉၉ | ၁. ၅၆၄၉၆ |

**အင်တာနက်။**





နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

***ဗုဒ္ဓမြတ်စွယ်တော်မှ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓအောင်မောင်း သုံးကြိမ်တီးခတ်ပူဇော်သည်။

ဆက်လက်၍ ဥပါသကာများက သံဃာတော်များအား တံခွန်ကုက္ကားမုလေးပွားများ ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဥဒါန်းပါဠိတော်လာနည်းအတိုင်း ဗုဒ္ဓါဘိသေကအနေကဇာလျှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရနှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လျှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်

ဩဝါဒါစရိယ နေပြည်တော်လယ်ဝေးမြို့ ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအရိယနှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လျှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက မြို့နယ်ဘဒ္ဒန္တအာစိဏ္ဏနှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လျှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်၊ သံဃာတော်များထံ လျှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လျှူဒါန်းကြသည်။

ဆရာတော် Ven. Chuan Yin နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုအဖွဲ့တို့အတွက် ဥပ္ပါတသန္တိစေတီတော် ပုံတော်ကျောက်စီပန်းချီကားများကို မှတ်တမ်းအဖြစ်ပေးအပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Cong Guo Qing က လက်ခံသည်။



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှူဒါန်းကြစဉ်။ (သတင်းစဉ်)



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြတ်စွယ်တော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုကြသည်။

ဥပ္ပါတသန္တိ စေတီတော်လိုဏ်တော်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့တွင် အပူဇော်ခံထားရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ဆင်ယင်ခြင်း မင်္ဂလာအခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဗုဒ္ဓမြတ်စွယ်တော်အား မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ ပန်းမန်နံ့သာ ပူဇော်ဖွယ်ရာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ဆင်ယင်ခြင်း မင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်မသပြေက ယဉ်ကျေးမှုဝန်ကြီးဌာနမင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့် တွဲဖက်၍ ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ ထူးမခြားနားသီချင်းခံ့သုံးပိုဒ်ကို သီကျူးတီးခတ်ပူဇော်ကာ မင်္ဂလာငွေခရုနှင့် အောင်စည်တင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်တို့ကိုနာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နေပြည်တော်တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာသိရီနှင့် တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော် ပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် Ven. Chuan Yin တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မြို့နယ်ဩဝါဒါစရိယ နေပြည်တော်လယ်ဝေးမြို့ ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှူဒါန်းကြစဉ်။ (သတင်းစဉ်)

တို့က နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒနှင့် တရုတ်ဆရာတော်တို့ထံ လျှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လျှူဒါန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မြို့နယ်ဩဝါဒါစရိယ နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တရုတ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ ဗုဒ္ဓမြတ်စွယ်တော် ပို့ဆောင်ရေးအဖွဲ့ဥက္ကဋ္ဌ

ဆက်လက်၍ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ အပူဇော်ခံ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထားသည့် ရဋ္ဌပသန္နယာစနဂါထာကို ဖတ်ကြားပူဇော်သည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ဗုဒ္ဓါဘိသေက အနေကဇာတင် ဆင်ယင်ခြင်း မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ နတ်မင်းကြီး ၁၆ ပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဝေါယာဉ်တော်ဖြင့် စေတီတော်လိုဏ်တော်အတွင်းမှ ရင်ပြင်တော်အရှေ့ဘက်မုခ်ဦးရှိ ရတနာရထားယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုသို့ပင့်ဆောင်စဉ် ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါပူဇော်ကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများ သီကျူးတီးခတ်ပူဇော်၍လည်းကောင်း၊ ဝန်ကြီးဌာနများမှ ဘာသာရေးဝတ်အဖွဲ့များနှင့် ဒေသခံပြည်သူများက ဒိသာဖရဏ အရပ်ဆယ်မျက်နှာ မေတ္တာပို့လက်ာများကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ၍လည်းကောင်း ပူဇော်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

# ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၂၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ ဖူးမြော်ကြည်ညိုကြသည်။**

**ဖူးမြော်**

**နေပြည်တော်မှ ရန်ကုန်မြို့သို့ ပင့်ဆောင်ပူဇော်မည့် ဗုဒ္ဓမြတ်စွယ်တော်အား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ နေပြည်တော်လေဆိပ်၌ ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)





အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ စုံစုံညီညီ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်လာသည့် ရတနာရထားယာဉ်သည် ယာယီကိန်းဝပ်စံပယ်တော်မူရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်းမှ နေပြည်တော်လေဆိပ်သို့ နံနက် ၁၀ နာရီ ၁၀ မိနစ်၌ ဆိုက်ရောက်လာသည်။

ဗုဒ္ဓမြတ်စွယ်တော်ရတနာရထားယာဉ် ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်တည်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာဗွေခရုနှင့် အောင်စည်အောင်မောင်းကို သုံးကြိမ်တီးခတ်၍ ပူဇော်ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာရထားယာဉ်တော်ပေါ်မှ လေယာဉ်အနီးရှိ မင်္ဂလာဝန်ချီစက် (High Loader) ပေါ်သို့ အောင်အိုးကိုင် သာသနာ့အလံကိုင် ဥပါသကာများက ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလိုက်ပါလျက် ပင့်ဆောင်ပူဇော်ကြသည်။

ထိုသို့ ပင့်ဆောင်ပူဇော်စဉ် ယဉ်ကျေးမှုဝန်ကြီးဌာန မင်္ဂလာစည်တော်အဖွဲ့က စည်တော်သံများ တီးခတ်ပူဇော်၍ လည်းကောင်း၊ မင်္ဂလာစည်တော်ဓမ္မတေးအဖွဲ့က “စွယ်တော်ကြိုး” တေးသီချင်းအပါအဝင် ဓမ္မပူဇာတေးသီချင်းများဖြင့် သီကျူးပူဇော်၍ လည်းကောင်း၊ ဝတ်အသင်းအဖွဲ့များက ဒိသာဖရဏ အရပ်ဆယ်မျက်နှာမေတ္တာပို့လက်ာများကို သံပြိုင်ညီညာရွတ်ဆိုပွားများ၍ လည်းကောင်း ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်အား နတ်မင်းကြီးများက မင်္ဂလာဝန်ချီစက် (High Loader) မှ တစ်ဆင့် အထူးလေယာဉ်ပေါ်သို့ ဆက်လက်ပင့်ဆောင်ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်သည့် အထူးလေယာဉ်သည် နံနက် ၁၁ နာရီတွင် နေပြည်တော်လေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စတင်ထွက်ခွာသွားရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်ဗုဒ္ဓ၏ ဂုဏ်တော်များကို အာရုံပွားများကြပြီး ဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်း၍ ဗုဒ္ဓမြတ်စွယ်တော်အား ရှိခိုးကော်ရော်ဖူးမြော်ပူဇော်ကြသည်။

ယင်းနောက် ဧည့်ပရိသတ်များနှင့် ဝတ်အသင်းအဖွဲ့များက ရတနာသုံးပါးဂုဏ်တော်များကို အာရုံပွားများကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ရဟန်းရှင်လူပြည်သူအပေါင်း နတ်ရွာနိဗ္ဗာန်အကျိုးစီးပွားအလို့ငှာ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏဂုဟာလိုဏ်တော်အတွင်း၌ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ လည်းကောင်း၊ မန္တလေးမြို့ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်၌ ဒီဇင်ဘာ ၈ ရက်မှ ၂၃ ရက်အထိ လည်းကောင်း နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိ ဆက်လက်အပူဇော်ခံထားရှိသွားမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ယနေ့ပင့်ဆောင်ပူဇော်ရာတွင် မြန်မာ့လေကြောင်းနှင့် Air Bagan လေကြောင်းလိုင်းတို့ ပူးပေါင်း၍ လှူဒါန်းပူဇော်ကြခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ စာမျက်နှာ ၃ မှ

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးယာဉ်တန်းသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ဦးမှ တောင်ဘက်မုခ် သတ်မှတ်နေရာအထိ အောင်အိုးကိုင်၊ သာသနာ့အလံကိုင် ဥပါသကာများ ဦးဆောင်၍ ဆင်ဖြူတော်နန္ဒဝတီဖြင့် ပင့်ဆောင်ကာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပြီး ပြန်လည်ပင့်ဆောင်ပူဇော်သည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်း စေတီတော်အရှေ့ဘက်မုခ်ဦးမှ စတင်ထွက်ခွာသည်နှင့် ပရိသတ်များက ဒိသာဖရဏ အရပ်ဆယ်မျက်နှာ မေတ္တာပို့လက်ာများကို သံပြိုင်ညီညာရွတ်ဆိုပွားများ ပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းဖြစ်သည့် ဆော်ဩရေးယာဉ်၊ မင်္ဂလာစည်တော်အဖွဲ့ယာဉ်၊ ရတနာရထားယာဉ်တော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်အဖွဲ့ယာဉ်၊ ဝန်ကြီးဌာနဝတ်အသင်းယာဉ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်တို့သည် ဥပ္ပါတသန္တိစေတီတော်မှ နေပြည်တော်လေဆိပ်သို့ အစီအစဉ်အတိုင်း ထွက်ခွာကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးယာဉ်တန်းသည် ဥပ္ပါတသန္တိစေတီတော်မှ ရာဇဌာနီလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း သပြေကုန်းအဝိုင်း၊ ဟိုတယ်ဇုန်တို့မှတစ်ဆင့် နေပြည်တော်လေဆိပ်သို့ ပင့်ဆောင်ပူဇော်ကြရာ လမ်းတစ်လျှောက်၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့က ရိုသေလေးမြတ်စွာ ဖူးမြော်ကြည်ညိုကြသည်။ (သတင်းစဉ်)

## အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရေး အခြေခံကျသည့် စာရင်းဇယားကောက်ယူမှုများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စာရင်းဇယားများ ကောက်ယူနိုင်ရေးနှင့် ကူညီအားပေးမြှင့်တင်ပေးရမည့်ကဏ္ဍ စနစ်တကျဖော်ထုတ်ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဆပ်ကော်မတီက အခြေခံစာရင်းဇယား ကောက်ယူမှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်၌ ဆပ်ကော်မတီ (၁၂) ရပ်ဖြင့် ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဆပ်ကော်မတီ(၁၂)ရပ်အနက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဆပ်ကော်မတီအနေဖြင့် ဦးစီးကော်မတီက ချမှတ်ပေးသည့်မူဝါဒများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အခြေခံအကျဆုံးဖြစ်သည့် နိုင်ငံအဝှမ်းတည်ထောင်ထားပြီးဖြစ်သော စက်မှုဇုန်များနှင့် စက်မှုဇုန်ပြင်ပရှိ လုပ်ငန်းများ၏ လက်ရှိအခြေအနေအား စနစ်တကျ မှတ်တမ်းတင်နိုင်ရေးနှင့် နိုင်ငံတော်အပိုင်းက အားဖြင့်ကူညီဆောင်ရွက်ပေးရမည့် လုပ်ငန်းကဏ္ဍများ ဖော်ထုတ်ဆောင်ရွက်နိုင်ရေး စာရင်းဇယားကောက်ယူမှုများ စတင်ဆောင်ရွက်လျက်ရှိသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူပြီးပါက Data Base တစ်ခုထူထောင်၍ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုလျင်မြန်လွယ်ကူစွာ သိရှိနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဆောင်ရွက်နေသောလုပ်ငန်းရှင်များက စာရင်းဇယားကောက်ယူမှုတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများပိုမိုစနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

စာရင်းဇယား ကောက်ယူရာတွင် လုပ်ငန်းနယ်ပယ်မှ ကျွမ်းကျင်သူများနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များ ပူးပေါင်းပြုစုထားသည့် မေးခွန်းလွှာခေါင်းစဉ် (၁၉) ခုအား လုပ်ငန်းရှင်များအနေဖြင့် တိကျမှန်ကန်စွာ ဖြည့်စွက်ပေးနိုင်ရန် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီး အသီးသီးသို့ တာဝန်ယူဖြန့်ဝေပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးများ၌ အခြေပြု၍ အသေးစားနှင့် အလတ်စားလုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းရှင်များအနေဖြင့် ယခုဖြန့်ဝေပေးသည့် မေးခွန်းလွှာမှာ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပကတိ အခြေအနေမည်သို့ရှိသည်ကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာအစိုးရ/ဌာနအဖွဲ့အစည်းများက မည်ကဲ့သို့ကူညီပံ့ပိုးဆောင်ရွက်ပေးရမည်ကို သိရှိဆောင်ရွက်ပေးနိုင်ရေး ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ရာ တတ်နိုင်သရွေ့ တိကျမှန်ကန်စွာ ဖြည့်စွက်ပေးကြရန် လိုအပ်သည်ဟု သက်ဆိုင်ရာဆပ်ကော်မတီက မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာသမဂ္ဂ Liaoning Journalist Association ၏ အထွေထွေအတွင်းရေးမှူး Ms. Guo Yingyan ခေါင်းဆောင်သော သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ဒုတိယဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာသတင်းပြန်ကြားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပုံနှိပ်ထုတ်ဝေမှုနှင့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲနေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**ပြန် ကြား ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးစိုးဝင်းအား တ ရုတ် ပြည် လုံး ဆိုင်ရာ သတင်းစာ ဆရာသမဂ္ဂ Liaoning Journalist Association ၏ အထွေထွေအတွင်းရေးမှူး Ms. Guo Yingyan ခေါင်းဆောင်သော သတင်းစာ ဆရာကိုယ်စားလှယ်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ထူးခြားသည့် ညအပူချိန်များ**

(၂၂-၁၁-၂၀၁၁)

| | | |
|---|---|---|
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၆ | ဒီဂရီစင်တီဂရိတ် |

**မှတ်သားဖွယ်ရာမိုးရေချိန်**

ကော့သောင်းမြို့

သုည ဒသမ ၀၈ လက်မ

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပ

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု

နေပြည်တော် နိုဝင်ဘာ ၂၂

**ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၈၆)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူခြင်း၊ အမည်စာရင်းတင်သွင်းနိုင်ကြောင်းအသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**တွင် **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်များအား လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်ကြသည်။

မူလဥပဒေကြမ်း အပိုဒ် ၂(ဇ)နှင့်စပ်လျဉ်း၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ခ)တွင်“**နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်**”ဟု ဖော်ပြထားပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်တွင်“လက်နက်မပါဘဲ”ဟူသာ ပါရှိပါကြောင်း၊ နိုင်ငံတော်အလံနည်းဥပဒေ ၃(ည)တွင်“**နိုင်ငံတော်အခမ်းအနားများအတွက် စီတန်းလှည့်လည်ရာ၌ နိုင်ငံတော်အလံကိုင်အဖွဲ့ပါလျှင် ရှေ့ဆုံးတွင်လည်းကောင်း၊ နိုင်ငံတော်အလံကိုင်အဖွဲ့မပါဘဲ နိုင်ငံတော်အလံများပါလျှင် ရှေ့ဆုံးတွင်လည်းကောင်း၊ နိုင်ငံတော်အလံကိုင်အဖွဲ့မပါဘဲ နိုင်ငံတော်အလံတစ်ခုတည်းပါလျှင် ရှေ့ဆုံးအလယ်တွင်လည်းကောင်း၊ နိုင်ငံတော်အလံအပြင် အခြားအလံများလည်းပါလျှင် စုစုပေါင်းအရေအတွက်သည်(မ)ဖြစ်ရမည်ဖြစ်ပြီး ဗဟိုတွင် လည်းကောင်း လွှင့်ထူကိုင်ဆောင်ရမည်။**”ဟု ပြဋ္ဌာန်းထားပါကြောင်း။

ယခုဥပဒေကြမ်းသည် နိုင်ငံတကာကစိတ်ဝင်စားသည့် ဥပဒေကြမ်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်၌ နိုင်ငံတော်အလံကို ချန်ထားခဲ့ခြင်းသည် ဖော်ပြပါဥပဒေများနှင့်ကိုက်ညီမှု မရှိသည့်အပြင် တရားဝင်ပါတီ၊ အသင်းအဖွဲ့များ၏ အလံကိုခွင့်ပြုပြီး နိုင်ငံတော်အလံကို ချန်ထားခဲ့ခြင်းသည် မသင့်လျော်သည့်အပြင် နိုင်ငံရေးအဓိပ္ပာယ်ကင်းမဲ့ရာ ရောက်ပါကြောင်း၊ သို့ဖြစ်၍ မလိုလားအပ်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ နိုင်ငံတော်အလံဥပဒေပုဒ်မ ၁၇ တွင်“**ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်ကပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်းမပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။**”ဟု ဖော်ပြထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကြောင်းအပြင် နိုင်ငံရေးအမြင်ရှိရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံတော်အလံထည့်သွင်းသတ်မှတ်ခြင်းသည် နိုင်ငံ၏ဂုဏ်သိက္ခာမြှင့်တင်ရာရောက်နိုင်ပြီး လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်ကိုလည်း ဂုဏ်တက်စေပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အလံ ထည့်သွင်းခြင်းမပြုပါက နိုင်ငံရေးအရ အမြော်အမြင်နည်းရာ ဖြစ်နိုင်ပါကြောင်းနှင့် မဖြစ်မနေထည့်သွင်းသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို ဖော်ပြထားပါကြောင်း၊ ယခု မူလဥပဒေကြမ်းသည် ငြိမ်းချမ်းစွာစီတန်းလှည့်လည်နိုင်ရေးအတွက် ဥပဒေအရအကာအကွယ်ပေးနိုင်အောင်နှင့် စီတန်းလှည့်လည်လိုခြင်းမရှိသူများအတွက်လည်း အကာအကွယ်ပေးနိုင်အောင် ပြဋ္ဌာန်းပေးမည့်ဥပဒေဖြစ်သည့်အပြင် ပြည်သူလူထု၏ အမျှော်လင့်ဆုံးဥပဒေလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အလံသည် နိုင်ငံတော်ကို ကိုယ်စားပြုသည့် အားလျော်စွာ နိုင်ငံတော်၏အထိမ်းအမှတ်၊ ပြည်သူများ၏ အလေးအမြတ်ပြုရာ နိုင်ငံတော်အလံကို နိုင်ငံသားတိုင်းက သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ ကိုင်ဆောင်ခွင့်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ မူလပြဋ္ဌာန်းချက်တွင်လည်း ထည့်သွင်းထားသည်ကို သတိမူရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အလံဥပဒေပုဒ်မ ၁၃(ခ)(၂)တွင် “**ပြဋ္ဌာန်းခွင့်ပြုထားခြင်းမရှိသည့်နေရာ၊ ဒေသနှင့်ကိစ္စများတွင် အသုံးပြုခြင်း၊**”ဟုဖော်ပြထားပါကြောင်း၊ ယင်းတားမြစ်ချက်ကို ဖောက်ဖျက်ရာမရောက်အောင် ယခုဥပဒေကြမ်း အပိုဒ် ၂(ဇ)တွင် နိုင်ငံတော်အလံဟု ထည့်သွင်းသင့်ပါကြောင်း၊ နိုင်ငံတော်အလံ ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်တွင်“**နိုင်ငံတော်အလံကို ယင်း၏ ဂုဏ်ကျက်သရေနှင့်အညီ နည်းလမ်းတကျသုံးစွဲနိုင်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ကြစေရန်အလို့ငှာ**”ဟု ဖော်ညွှန်းထားပါကြောင်း၊ ယင်းဥပဒေပုဒ်မ ၄ တွင်လည်း “**နိုင်ငံတော်အလံတွင် အဝါရောင်၊ အစိမ်းရောင်နှင့် အနီရောင်တို့အောက်ခံအဖြစ် ပါရှိခြင်းမှာ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုကာလက ထည်ဝါစွာ အသုံးပြုခဲ့သော သုံးရောင်ခြယ်အလံကို အလေးအမြတ်ပြုဖော်ညွှန်းခြင်းဖြစ်သည်။**”ဟု ဖော်ပြထားပါကြောင်း၊ သို့ဖြစ်၍ ယခုဥပဒေကြမ်းတွင် “**နိုင်ငံတော်အလံ**”ဟူသော စကားရပ်ကို ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်းက နိုင်ငံတော်အလံဥပဒေနှင့် နည်းဥပဒေများကို ၂၁-၁၀-၂၀၁၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခုဥပဒေကြမ်းနှင့်အညီခွင့်ပြုချက်ရယူပြီး စီတန်းလှည့်လည်ဆောင်ရွက်ကြမည့်သူများသည် ပြည်သူ့ကိုယ်စားအဖွဲ့အစည်းများဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သက်ဆိုင်ရာ ပါတီအလံအပြင် နိုင်ငံသားများက နိုင်ငံတော်အလံကိုင်ဆောင်ခြင်းသည် ဒီမိုကရေစီကျင့်စဉ်နှင့်အတူ မားမားမတ်မတ်လွှင့်ထူ၍ ဦးထိပ်ထားခြင်းပင်ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်အဓိပ္ပာယ်ကိုလည်း ပိုမိုလေးနက်စေပါကြောင်း၊ နိုင်ငံသားများကလည်း ထိုသို့သောဆန္ဒရှိကြပါကြောင်း၊ နိုင်ငံတော်အလံကို စည်းကမ်းစနစ်ကျနစွာ ကိုင်ဆောင်ခွင့်ပေးသင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်သည် လျော်ကန်သင့်မြတ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းကို ဆန့်ကျင်သည့်သဘောအနေဖြင့် ယူဆ၍ မရပါကြောင်း၊ ကြိုဆိုထောက်ခံခြင်းများအတွက်လည်း အသုံးပြုနိုင်ပါကြောင်း၊ ထိုသို့သောကိစ္စများတွင် နိုင်ငံတော်အလံကို ကိုင်ဆောင်အသုံးပြုခွင့်ရှိမှသာ လေးနက်မှုရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေကြမ်း၏ နိဒါန်းတွင်“**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ခ)တွင် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**” ဟု ဖော်ပြထားပါကြောင်း၊ နိုင်ငံတော်အလံဥပဒေတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထားပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အလံကို ကိုင်ဆောင်ခွင့်မပြုပါက မူလအခွင့်အရေးကို ပိတ်ပင်တားဆီးရာရောက်နိုင်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည့် “**နိုင်ငံတော်အလံ**” ဟူသော စကားရပ်ကိုထည့်သွင်းပြဋ္ဌာန်းမှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

အပိုဒ် ၂(ဇ)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်မှာ“**အလံဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။**”ဟူ၍ ဖြစ်ပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်မှာ “**အလံဆိုရာတွင် တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်**” ဟူ၍ ဖြစ်သည်။

မူလဥပဒေကြမ်းပါဖော်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သည်။

အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ဆန္ဒရယူရာ ထောက်ခံမဲ(၁၃၉)မဲ၊ ကန့်ကွက်မဲ(၄၁၆)မဲ၊ ကြားနေမဲ(၂၂)မဲဖြစ်ပြီး ကန့်ကွက်မဲများသည့်အတွက် မူလဥပဒေကြမ်းအပိုဒ် ၂ (ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

မူလဥပဒေကြမ်း အပိုဒ် ၂၀ နှင့် စပ်လျဉ်း၍ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းက ယေဘုယျအားဖြင့် အဓိပ္ပာယ်တူသယောင်ရှိသော်လည်း ဥပဒေကြောင်းအရ တူညီမှုမရှိပါကြောင်း၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်တွင် “**အခန်း(၇)ပါ**”ဟု ထည့်သွင်းခြင်းသည် ဥပဒေအရလျော်ကန်မှုမရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်တွင် “**ဤဥပဒေအရ အရေးယူသော**”ဟု ထည့်သွင်းထားခြင်းသည် ဥပဒေကြောင်းအရသော် လည်းကောင်း၊ ရိုးရှင်းပြီး နားလည်လွယ်သည့်အတွက်ကြောင့် လည်းကောင်း “**အခန်း(၇)**”ဟု ဖော်ပြခြင်းကို လွှမ်းခြုံမှုရှိပြီး ကျစ်လျစ်သိပ်သည်းမှုရှိသည့် စကားရပ်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်သာလျှင် လျော်ကန်သင့်မြတ်မှုရှိပါကြောင်းဖြင့် တင်ပြသည်။

အပိုဒ် ၂၀ နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်မှာ“**ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။**”ဟူ၍ ဖြစ်ပြီး အမျိုးသားလွှတ်တော်၏ အတည်ပြုချက်မှာ“**အခန်း(၇)ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်**” ဟူ၍ ဖြစ်သည်။

မူလဥပဒေကြမ်းပါဖော်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတွက် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်သည်။

အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်ကြောင်း အဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ ဆန္ဒရယူရာ ထောက်ခံမဲ(၁၃၅)မဲ၊ ကန့်ကွက်မဲ(၄၁၈)မဲ၊ ကြားနေမဲ(၂၀)ဖြစ်ပြီး ကန့်ကွက်မဲများသည့်အတွက် မူလဥပဒေကြမ်းအပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ဆုံးဖြတ်သည်။

**ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်း**အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့ပြင် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးတီခွန်မြတ်နှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နန်းဝါနုတို့ကလည်း ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဦးမြညိမ်းနှင့် ဦးတီခွန်မြတ်တို့၏ ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

**ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူခြင်းကဏ္ဍ**တွင် ပြည်ထောင်စု၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးကြသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက **ငွေစာရင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာတင်ပြနိုင်ခြင်းသည် ကောင်းမွန်သည့်လက္ခဏာတစ်ရပ် ဖြစ်ပါကြောင်း၊ အရအသုံးခန့်မှန်းခြေ ငွေစာရင်းကို ယခင်နိုင်ငံတော်အစိုးရက မပြုစုပေးခဲ့ပါက အခက်အခဲများစွာ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် လွှတ်တော်၌အတည်ပြုဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ ပညာရှင်များ အကြံပေးနိုင်အောင်၊ လွှတ်တော်ကိုယ်စားလှယ်များစဉ်းစားသုံးသပ်နိုင်အောင် အချိန်မီပြုစုပေးရန် အကြံပြုလိုပါကြောင်း၊ အနာဂတ်တွင် ဆောင်ရွက်ရမည့်နည်းလမ်းကောင်းများ ပေါ်လာရန်အတွက် အကြံဉာဏ်ပေးခြင်း ဖြစ်ပါကြောင်း**ဖြင့် ဆွေးနွေးတင်ပြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁၊ ၁၀၃(ခ)နှင့် ၁၀၃(င)တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ လုပ်ငန်းလည်ပတ်ရန်အတွက် လျာထားရသည့်ဘဏ္ဍာနှစ်တစ်ခု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်ထောင်စုလွှတ်တော်က ကြိုတင်၍ ဥပဒေအဖြစ် ပြဋ္ဌာန်းပေးရမည်ဖြစ်ပြီး ပြဋ္ဌာန်းပြီးဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းအတိုင်းသာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်သည်ဟု သဘောရပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၇-၁-၂၀၁၁ ရက်တွင် ဥပဒေအမှတ် (၉/၂၀၁၁) ဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃(က)အရ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည့်ပြဋ္ဌာန်းချက်အပေါ် အငြင်းမပွားလိုပါကြောင်း။

**၂၀၁၁-၂၀၁၂ ဘဏ္ဍာငွေပြုပြင်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်းဥပဒေကြမ်းအား ဖြစ်နိုင်လျှင် ယခုကျင်းပနေဆဲဖြစ်သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ ဆောလျင်စွာတင်သွင်းပါရန် တိုက်တွန်းလိုပါကြောင်းနှင့် ယခု ကျင်းပနေဆဲ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်မဖြစ်နိုင်ပါက အဆိုပါ ငွေစာရင်းဥပဒေကြမ်းအား စတုတ္ထသုံးလပတ်အကောင်အထည်ဖော်မှု မစတင်မီ တစ်လကြိုတင်ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာပထမပတ်အတွင်း ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသို့ ကြိုတင်စိစစ်နိုင်ရေးအတွက် ဥပဒေကြမ်းအားပေးပို့ထားပါရန် တိုက်တွန်းအပ်ပါကြောင်း**ဖြင့် ဆွေးနွေးတင်ပြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ပြည်ထောင်စုအစိုးရ၏ဆောင်ရွက်ချက်သည် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်လိုအပ်ခြင်း ရှိ/မရှိ၊ အစိုးရ၏လုပ်ပိုင်ခွင့်အတွင်း၌ ဆောင်ရွက်ခဲ့ခြင်း ဟုတ်/မဟုတ်တို့ကို ဥပဒေကြမ်းပူးပေါင်းကော်မတီကလည်းကောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက လည်းကောင်း ဦးစွာပထမ လေ့လာတင်ပြရန် လိုအပ်ပါကြောင်း၊ ယင်းလေ့လာတင်ပြချက်အပေါ် မူတည်ပြီး ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကလည်း အလျင်အမြန်သုံးသပ်ဆောင်ရွက်ပေးရမည်ဖြစ်သည့်အတွက် ဆောလျင်စွာလေ့လာတင်ပြသင့်ပါကြောင်း။**

တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ ဖွဲ့စည်းပေါ်ပေါက်လာခြင်းကြောင့် နိုင်ငံတော် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘတ်ဂျက်အပြောင်းအလဲများရှိခဲ့ပါကြောင်း၊ ဤနေရာတွင် ပြည်ထောင်စုအစိုးရအပိုင်းတွင် လိုငွေပြမှုလျော့နည်းသွားမည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မူလဘဏ္ဍာငွေအရအသုံးမှ ပြောင်းလဲဆောင်ရွက်ခဲ့သည့်အခြေအနေများကို တွေ့ရမည်ဖြစ်သကဲ့သို့ ပြုပြင်ပြီး ငွေစာရင်းတွင် ထည့်သွင်းဖော်ပြမည့်အကြောင်းကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

ယေဘုယျအားဖြင့် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ လုပ်ပိုင်ခွင့်အပိုင်း ခွဲခြမ်းစိစစ်ခြင်း၊ အချိန်ကာလအကန့်အသတ်စိစစ်ခြင်းတို့ကို ယခုလေ့လာသကဲ့သို့ အထက်ပါ ပူးပေါင်းကော်မတီ (၂)ခုက စဉ်ဆက်မပြတ်ကြိုတင်လေ့လာဆောင်ရွက်နေသင့်ပါကြောင်း၊ ထိုသို့လေ့လာရင်း လွှတ်တော်က ဆောင်ရွက်ပေးရမည့်အပိုင်း ပေါ်ပေါက်ပါက အချိန်မီဆောင်ရွက်ပေးနိုင်ရန် ကြိုတင်စိစစ်တင်ပြပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

အဆိုပါအစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူလက်ခံကြောင်း ဆုံးဖြတ်သည်။

**အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးခြင်းကဏ္ဍ**တွင် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးတီခွန်မြတ်က ရှင်းလင်းတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သော ပြင်ဆင်ချက်များကိုဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းသိရသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုသော **အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း**အား နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး၍ ဥပဒေအဖြစ်ထုတ်ပြန် ကြေညာနိုင်ရန် ပြည်ထောင်စုလွှတ်တော်က နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်သမ္မတထံပေးပို့ခဲ့ကြောင်း၊ ယင်းဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ နိုဝင်ဘာ ၂၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း၊ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းသိရှိရသည်။

ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ **စာမျက်နှာ ၆ ကော်လံ ၁ သို့**

စာမျက်နှာ ၅ မှ

ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက်တွင် ပြီးပြတ်အောင် ဆောင်ရွက်မည်ဟု လွှတ်တော်ဥက္ကဋ္ဌ(၂)ဦးစလုံးက ဆုံးဖြတ်ထားပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကို မကြာမီ ပြန်ခေါ်ရမည့် အနေအထားဖြစ်ပါကြောင်း၊ ထိုအချိန်တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဆိုင်ရာနှင့် ပြည်ထောင်စု အခွန်အကောက်ဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ရှိလာမည်ဖြစ်ပါကြောင်း၊ ယခု ဒုတိယ ပုံမှန်အစည်းအဝေးတွင် မပြီးပြတ်သေးသည့် ဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်၌ ဆက်လက်ဆောင်ရွက်ရန် ရှိပါကြောင်း၊ ထို့ကြောင့် နိုဝင်ဘာ ၂၅ ရက်တွင် အားလုံးပြီးပြတ်အောင် ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်၏ ဒုတိယပုံမှန်အစည်းအဝေးကို ရုပ်သိမ်းမည်ဖြစ်ပါကြောင်းဖြင့် ကြိုတင်အသိပေးပြောကြားသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရပ်နားပြီး အစည်းအဝေး ဆဌမနေ့ကို နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျာမနီနိုင်ငံ Hanns Seidel Foundation ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၂

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျာမနီနိုင်ငံ Hanns Seidel Foundation ဌာနေကိုယ်စားလှယ် Mr. Axel Neubert နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင်(၁) ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။**



**ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျာမနီနိုင်ငံ Hanns Seidel Foundation ဌာနေ ကိုယ် စား လှယ် Mr. Axel Neubert နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

ထိုသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်နှင့် Hanns Seidel Foundation တို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များအား အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်နိုင်ရေးနှင့် လေ့လာရေးအစီအစဉ်များ လေ့လာနိုင်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)




**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၂

**အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ လိုက်ပါလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဘာလီမြို့၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။**

အစည်းအဝေးတွင် တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့သို့ ဝင်ရောက်ရေး၊ ကုလသမဂ္ဂအား အာဆီယံ၏ ဆွေးနွေးဖက်အဆင့်တိုးမြှင့်ရေး၊ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ဘရာဇီးလ်နိုင်ငံ ဝင်ရောက်မှု၊ တောင်တရုတ်ပင်လယ်ဒေသဆိုင်ရာ လုပ်ထုံးလုပ်နည်းကြေညာချက် အကောင်အထည်ဖော်မှုအခြေအနေ၊ ရေလွှမ်းမိုးသည့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံနိုင်ငံသားမဟုတ်သူများအတွက် အာဆီယံဘုံဗီဇာထုတ်ပေးရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အစည်းအဝေးသို့ အသိပေးပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရေးကိစ္စကို ဆွေးနွေးရာ၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးအားလုံးက တစ်ခဲနက်ကြိုဆိုခဲ့ကြပြီး အာဆီယံခေါင်းဆောင်များထံ ထောက်ခံတင်ပြရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် အရှေ့တောင်အာရှ နျူကလီးယားကင်းမဲ့ဇုန် ကော်မရှင်အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် (၆)ကြိမ်မြောက် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်းကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အဓိကအားဖြင့် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်းအခြေပြုမြေပုံ အကောင်အထည်ဖော်ရန်အတွက် အာဆီယံနိုင်ငံရေး-လုံခြုံရေးမဏ္ဍိုင်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

ငင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၏ (၉)ကြိမ်မြောက် အစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့ရာ အစည်းအဝေးတွင် ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေချထားသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ နှစ်ပတ်လည် လုပ်ငန်းအသုံးစရိတ်အပေါ် ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံအဖွဲ့ကြီး၏ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် တီမောလက်စ်တေနိုင်ငံက ကမ်းလှမ်းသည့်ကိစ္စ၊ သက်တမ်း(၃)နှစ်ရှိ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်များ သက်တမ်းတိုးမြှင့်ခြင်းနှင့် အလှည့်ကျ ခန့်ထားမည့်ကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးက အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဉာဏ်လင်းအား အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ (၃)နှစ်သက်တမ်းအတွက် ခန့်ထားရန် သဘောတူညီခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယင်းနေ့ ညပိုင်းတွင် ဘာလီမြို့ရှိ Amanusa ဟိုတယ်၌ (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာသော အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား အိမ်ရှင်အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dr. Marty Natalegawa နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၇ရက် ညနေပိုင်းတွင်ကျင်းပသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးဗဟိုဌာနတည်ထောင်ရေး စာချုပ်ချုပ်ဆိုပွဲ၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ဘရာဇီးလ်နိုင်ငံ ဝင်ရောက်ရေးသဘောတူသည့် ကြေညာစာတမ်းလက်မှတ်ရေးထိုးပွဲနှင့် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲများသို့ တက်ရောက်ခဲ့ပြီး စာချုပ်နှင့် သဘောတူညီချက်များတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် ဤခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Pham Binh Minh နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားအား ၎င်း၏မေတ္တာရပ်ခံချက်အရ လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကုလသမဂ္ဂက မြန်မာနိုင်ငံသို့ အကူအညီများပေးအပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Kurt Campbell နှင့်တွေ့ဆုံ၍ မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများ လျှော့ချသွားရေး၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ငွေကြေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကူအညီများ ပံ့ပိုးပေးအပ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

## ၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

၁၉၇၁ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ အတူစာသင်ဖက် ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် မိတ်ဆုံတွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)ရတနာပုံခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက်/စာသင်ဖက်သူငယ်ချင်းများ မပျက်မကွက် ပါဝင်ဆင်နွှဲကြပါရန်နှင့် စုံစမ်းမေးမြန်း ဆက်သွယ်လိုပါက ဒေါက်တာမောင်ဝင်း ဖုန်း-၀၉-၂၀၀၀၂၁၁၊ ၀၂-၃၉၀၀၇၊ ဒေါက်တာကိုကိုကြီး ဖုန်း-၀၉-၂၀၀၂၈၈၂၊ ဒေါက်တာအောင်ကျော်ဦး ဖုန်း-၀၉-၂၀၀၀၄၉၀၊ ဒေါက်တာရဲလွင် ဖုန်း-၀၉-၂၀၀၄၀၆၀ နှင့် ဒေါက်တာခင်မောင်ကျော် ဖုန်း-၀၉-၅၀၁၈၇၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပိုမိုတောင့်တင်းသော အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာကြွယ်ဝမှုကို ကောင်းစွာအသုံးချရန်လို

**နေပြည်တော် နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ လိုက်ပါလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘာလီမြို့ရှိ Courtyart Marriot Hotel, Palma ခန်းမ၌ကျင်းပသည့် Retreat Session of the ASEAN Ministers Responsible for Culture and Arts (AMCA) အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

**တက်ရောက်**

အဆိုပါအစည်းအဝေး၌ အင်ဒိုနီးရှားပညာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr. Muhammad Nuh က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် Declaration on ASEAN Unity in Cultural Diversity: Towards Strengthening ASEAN Community ကြေညာစာတမ်းနှင့် ပတ်သက်၍ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဆွေးနွေးရာတွင် ၂၀၁၀ ပြည့်နှစ်က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော (၄)ကြိမ်မြောက်အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာလုပ်ငန်းအဖွဲ့(၃)ဖွဲ့အတွက် ရှေ့လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းပြ မြေပုံ၏အထောက်အကူဖြင့် ၎င်းလုပ်ငန်းအဖွဲ့(၃)ဖွဲ့၏ စီမံကိန်းအချို့ကို ဦးစားပေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အလားတူ အာဆီယံ-ရုရှား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံက အဆိုပြုတင်သွင်းခဲ့သော ပြိုင်ဘက်ကင်းသည့် အာဆီယံယဉ်ကျေးမှုဆိုင်ရာ စရိုက်လက္ခဏာကြေညာချက်ကို ပိုမိုပြည့်စုံကောင်းမွန်အောင် အင်ဒိုနီးရှားနိုင်ငံက ပြုပြင်ပြီး ပိုမိုခိုင်မာသော အာဆီယံအသိုက်အဝန်းသို့ ဦးတည်သည့်ယဉ်ကျေးမှုကြွယ်ဝခြင်းဆိုင်ရာ အာဆီယံ ကြေညာစာတမ်းအဖြစ် ပြောင်းလဲလျက် ယခု (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် တစ်ပါတည်း လက်မှတ်ရေးထိုးနိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ ပိုမိုတောင့်တင်းသော အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာကြွယ်ဝမှုကို ကောင်းစွာအသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အာဆီယံ+၃ဖြင့် ပြုလုပ်မည့် စီမံကိန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကာ အာဆီယံအကြောင်း ပိုမိုလေးနက်စွာသိရှိလာစေနိုင်မည့် လုပ်ငန်းစဉ်များကို ချမှတ်ထားကြရမည်ဖြစ်ပါကြောင်း၊ အာဆီယံအသိုက်အဝန်းထူထောင်ရမည့် ၂၀၁၅ ခုနှစ်သို့ နီးကပ်လာပြီဖြစ်သည်နှင့်အညီ အာဆီယံအကြောင်း ပိုမိုသိရှိလာစေရန်နှင့် အသိုက်အဝန်းပုံစံ ပိုမိုခံစားလာရစေရန် တိုးမြှင့်ဆောင်ရွက်ရေးနှင့်အတူ ၂၀၁၂ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၅)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ထောက်ခံတင်ပြရန်အချက်များအတွက် ပိုမိုကောင်းမွန်သည့်အဖြေများရရှိရေး ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် သုံးသပ်တင်ပြဆွေးနွေးသည်။



**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဘာလီမြို့၌ ကျင်းပသည့် Retreat Session of the ASEAN Ministers Responsible for Culture and Arts (AMCA) အစည်းအဝေး၌ ဆွေးနွေးပြောကြားစဉ်။** (သတင်းစဉ်)




**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**ဆုံးဖြတ်**

အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များအတွက် ဘတ်ဂျက်ရရှိရေးနှင့် Action Plan ကိစ္စများကို လာမည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ (COCI) အစည်းအဝေးနှင့် ၂၀၁၂ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းအဆင့်မြင့်အရာရှိများ (SOCA) အစည်းအဝေးတို့တွင် ညှိနှိုင်းဆွေးနွေးကြရန် ဆုံးဖြတ်ကြသည်။

အစည်းအဝေးအပြီးတွင် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာဝန်ကြီးများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အင်ဒိုနီးရှားယဉ်ကျေးမှုဝန်ကြီးက တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ ညှိနှိုင်းအစည်းအဝေးများ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၂

**အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ လိုက်ပါလာသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua ခန်းမ၌ ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ (၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ ညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။**

**အကြိုညှိနှိုင်း**

အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်းအစည်းအဝေးတွင် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနအဖွဲ့ (အီရီယာ)မှ တင်ပြသည့် အေအီးစီ အကဲဖြတ်အမှတ်ပေးဆိုင်ရာ ဒုတိယအဆင့် လေ့လာမှုအစီရင်ခံစာ (၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းမှုများ၊ အာဆီယံ-ဂျပန် (၁၀)နှစ်ကာလ မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ (မူဘောင်ပုံကြမ်း)၊ အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအတွက် ဂျပန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်ကိစ္စနှင့် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသသို့ ဟောင်ကောင် ပါဝင်လိုကြောင်း အဆိုပြုလာသည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။

**ဆွေးနွေး**

(၆)ကြိမ်မြောက် အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ(အေအီးစီ) အစည်းအဝေးတွင် အေအီးစီ အမှတ်ပေးပုံစံနှင့် အကဲဖြတ်မှတ်တမ်းပါ ပြီးမြောက်အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ၊ ဝန်ဆောင်မှုကုန်သွယ်ရေး ဖြေလျှော့ပေးမှုနှင့် ၂၀၁၅ ခုနှစ်အမီ ပြီးစီးရမည့် ဝန်ဆောင်မှုဆိုင်ရာ ကိစ္စများအတွက် ကြိုးပမ်းဆောင်ရွက်ရန်ကိစ္စများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ အာဆီယံပြတင်းတစ်ပေါက်နှင့် အမျိုးသားပြတင်းတစ်ပေါက်များ အချိန်မီပြီးစီးရေးအပါအဝင် အကောက်ခွန်ဆိုင်ရာနယ်ပယ်တွင် ဖြစ်ပေါ်တိုးတက်မှုများ၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးဆိုင်ရာ ပေါင်းစည်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ဆိုင်ရာ လုံခြုံမှုကိစ္စရပ်များ၊ အာဆီယံ ပေါင်းစည်းယှက်နွယ်ရေး ပူးပေါင်းညှိနှိုင်းမှုလုပ်ငန်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်မှု၊ ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အာဆီယံမူဘောင်၊ သာတူညီမျှစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အာဆီယံမူဘောင်နှင့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးသို့ တင်ပြမည့် အစီရင်ခံစာ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

**လက်မှတ်ထိုး**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အခြေပြစာချုပ်နှစ်ရပ်ဖြစ်သည့် အာဆီယံ-တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဘောင်သဘောတူစာချုပ်၏ ဝန်ဆောင်မှု ကုန်သွယ်ရေး သဘောတူစာချုပ်အရ ဒုတိယအသုတ် ကတိကဝတ်များ အကောင်အထည်ဖော်ရေးဆိုင်ရာ အခြေပြစာချုပ် (Protocol to Implement the Second Package of Specific Commitments under the Agreement on Comprehensive Economic Co-operation between the Association of Southeast Asian Nations and people's Republic of China) နှင့် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဘောင်သဘောတူစာချုပ် အောက်ရှိ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ် (Second Protocol to Amend the Agreement on Trade in Goods under the Framework Agreement on Comprehensive Economic Cooperation among the Governments of the Member Countries of the Association of Southeast Asian Nations and the Republic of Korea) တို့ကို အခြားအာဆီယံစီးပွားရေး ဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီခွဲတွင် ဘာလီမြို့ရှိ Westin ဟိုတယ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Kittiratt Na-Ranong နှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Ulutuwa 4 ခန်းမ၌ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Yukio Edano နှင့် လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

# စိန့်ဂျွန်း ဒိုင်အိုစီစင် ယောကျ်ားလေးကျောင်း ဆရာကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

စိန့်ဂျွန်း ဒိုင်အိုစီစင်ယောကျ်ားလေးများကျောင်းမှ ကျောင်းသားဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပေါက်စေတီ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ကိုသိန်းရွှေ ဖုန်း-၆၅၁၂၉၁၊ ကိုအောင်ခိုင် ဖုန်း-၀၉-၇၃၀၄၇၈၇၁၊ ကိုသန်းမြင့် ဖုန်း-၀၉-၇၃၀၄၆၅၄၂၊ ဂျီပီကျော် ဖုန်း-၀၉-၇၃၀၂၁၆၆၀၊ ကိုတင်မောင်ဝင်း ဖုန်း-၅၀၉၀၀၅၊ ကိုဝင်းနွယ် (မန္တလေး) ဖုန်း-၀၂-၃၈၀၀၉၊ ၀၂-၇၄၀၂၀၊ ကိုဇော်ထူး ဖုန်း-၀၉-၇၃၁၂၂၉၂၂နှင့် ကိုဇာနည်ထွန်း ဖုန်း-၀၉-၅၁၉၉၉၃၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**✤ နိုင်ငံတော်သမ္မတမှ**

ထိပ်သီးအစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ထိပ်သီးအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်တို့သည် အာဆီယံ-အိန္ဒိယ ဆက်ဆံရေးအပေါ် ပြန်လည်သုံးသပ်ကာ အနာဂတ်အလားအလာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် (၆)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးမျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပါအဝင် အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာယိုရှီဟီကိုနိုဒါ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာလီမြောင်ဘတ်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံသမ္မတ မစ္စတာဘားရက်အိုဘားမား၊ ဩစတြေးလျနိုင်ငံဝန်ကြီးချုပ် H. E. Ms. Julia Gillard ၊နယူးဇီလန်နိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများ၏ အထူးကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် အရှေ့အာရှထိပ်သီးအစည်းအဝေး ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်ဦးတည်ချက်များအား ပြန်လည်သုံးသပ်ကြပြီး ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးက နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ဆက်ဆံရေးမူဝါဒများဆိုင်ရာ အရှေ့အာရှ ထိပ်သီးအစည်းအဝေးကြေညာချက်နှင့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးဆိုင်ရာ အာဆီယံပေါင်းစည်းဆက်သွယ်ရေး ကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

**ဆက်လက်ကျင်းပ**

မွန်းလွဲပိုင်းတွင် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီး သီးသန့်အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီး မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံတော် ကောင်စီဝန်ကြီးချုပ်၊ ဂျပန်ဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ အမေရိကန်ပြည်ထောင်စုသမ္မတ၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံတို့မှ အထူးကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

## MRTV-4 အစီအစဉ် ကောက်နုတ်ချက်

**၂၃-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM
၅း၀၀ MRTV-4 အဖွင့် Logo
၅း၂၀ MRTV-4 သတင်း
၅း၄၀ "ပရိညာ(၃)ပါး" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆း၄၀ **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (၃၄)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(၂၉)**
၈း၄၅ မြန်မာပြည်သိန်းတန်(Part-6)
၉း၃၅ အားကစားမြင်ကွင်းစုံ
၁၀း၀၀ Activities in The City
၁၀း၂၀ ဒီပင်္ကရာဘုရားပွဲတော်
၁၀း၄၀ ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၁၀ Activities in The City
၁၁း၄၅ **ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (၈)**
၁၂း၂၀ မင်းကျောင်းပရိယတ္တိစာသင်တိုက်
၁း၀၀ "ပရိညာ(၃)ပါး" တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၁၀ **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (၃၄)**
၄း၀၅ **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (၂၉)**
၅း၀၀ Activities in The City
၅း၁၅ LEN SEN ၏ ကံထူးရှင်ရွေးချယ်ပွဲ
၅း၂၅ **ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (၈)**
၆း၀၀ MRTV-4 သတင်း
၆း၁၅ **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (၃၅)**
၇း၁၅ မြန်မာပြည်သိန်းတန် (Part-7)
၈း၀၀ MRTV-4 သတင်း
၈း၃၀ ရယ်စရာဗေးရှင်း
၈း၅၀ Celebrity Style
၉း၁၀ Cartoon Show Time
၉း၃၀ **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (၃၀)**
၁၀း၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅ **ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (၉)**
၁၁း၃၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၂း၁၅ သင်ကြားရေးလမ်းညွှန်
၁၂း၃၅ World of Knowledge
၁း၃၅ အများမြင်စရာနှစ်ပါးသဘင်မဟာ
၂း၁၅ လက်မှုပညာ၏ဆန်းသစ်သောဖန်တီးမှုနှင့်
၂း၂၅ Industrial Talk
၂း၅၅ သီးနှံစိုက်ပျိုးအထွက်တိုး
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ ကိုယ်တိုင်ရေးတဲ့သင်ခန်းစာ
၄း၃၀ စကားဝါမြေမှ ပွဲတော်တစ်ခု
၄း၄၀ ကြည်နူးဖူးမဝသည့်. . . ထူးလှသည့်ဓာတ်တော်တိုက်ဆီ
၅း၀၀ အစီအစဉ်ပြီး။




**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**❑ (၂၆) ကြိမ်မြောက်မှ**

အဆိုပါ အခမ်းအနားသို့ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ ဘိုဒီယိုနိုတက်ရောက်ကာ အားကစားပြိုင်ပွဲကို ပိတ်သိမ်းပေးခဲ့ပြီး အားကစားပြိုင်ပွဲတစ်လျှောက်တွင် ဆုတံဆိပ်အများဆုံးရရှိခဲ့သော အင်ဒိုနီးရှားနိုင်ငံ အားကစားအဖွဲ့များအား ဂုဏ်ပြုစကားပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရွှေတံဆိပ် ၁၈၂ ခု၊ ငွေတံဆိပ် ၁၅၁ ခုနှင့် ကြေးတံဆိပ် ၁၄၂ ခု ဆွတ်ခူးခဲ့ပြီး ဆုတံဆိပ်ရရှိမှုတွင် နိုင်ငံအလိုက်ပထမရရှိခဲ့ကာ ထိုင်းနိုင်ငံက ရွှေတံဆိပ် ၁၀၉ ခု၊ ငွေတံဆိပ် ၁၀၀ နှင့် ကြေးတံဆိပ် ၁၂၀ ဖြင့် ဒုတိယရခဲ့သည်။

**အင်တာနက်။**

**အားကစားပြိုင်ပွဲ ပိတ်သိမ်းပွဲ၌ အင်ဒိုနီးရှားရိုးရာအကအဖွဲ့ ဖျော်ဖြေစဉ်။**



## အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"အေးချမ်းသာယာပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါပြိုင်ပွဲ၏ ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Trader Hotel, Myanmar Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့် ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း-၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၂ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၃-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၂၀ ၈။ အတီးပြိုင်ပွဲ
၈း၃၀ ၉။ "မူဆယ်တစ်ဝန်းဆီ ရွှေဖြူလွှမ်းတော့မည်"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ သီချင်းကြီးပဒေသာ
၅း၂၀ ၈။ International Science News
၅း၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀ ၁၀။ "အမွန်မြတ်ဆုံးလက်ဆောင်"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅ ၁၄။ ရွှေရင်ခုန်သံ
၇း၁၀ ၁၅။ "စွမ်းအင်ဆိုင်ရာလုပ်ငန်းများ"
၇း၂၅ ၁၆။ မြန်မာ့ယဉ်ကျေးမှု



❍ **ကျောဖုံးမှ**

ယင်းနောက် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ်အား အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

**တာဝန်လွှဲပြောင်းပေးအပ်**

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတက ၂၀၁၂ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မှတ်တမ်းကို ပြသကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၉)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့တက်ရောက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံတော် ကောင်စီဝန်ကြီးချုပ်၊ ဂျပန်ဝန်ကြီးချုပ်၊ ကိုရီးယားသမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ အမေရိကန်ပြည်ထောင်စုသမ္မတ၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်၊ နယူးဇီလန်နှင့် ရုရှားနိုင်ငံတို့မှ အထူးကိုယ်စားလှယ်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)






# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုရိုနို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့၌ ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဘာလီမြို့ရှိ Nikko Bali Hotel and Resort မှ Ngurah Rai လေဆိပ်သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သစ်တောဝန်ကြီးဌာန ဝန်ကြီး Mr. Zulkifli၊ သမ္မတရုံးမှ သံတမန်ရေးရာအကြီးအကဲ Mr. Mohamed Rusdi၊ ဘာလီမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှား သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးညဏ်လင်း ၊ စစ်သံမှူး ဗိုလ်မှူးချုပ်သန်းဝင်း၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ပြန်လည်ရောက်ရှိ**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါလျက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သစ်တောဝန်ကြီးဌာန ဝန်ကြီး Mr. Zulkifli နှင့် တာဝန်ရှိသူတို့က ဘာလီမြို့ Ngurah Rai လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

**အစဉ်**

**နေ့)**

၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ သီချင်းကြီးပဒေသာ
၅း၂၀ ၈။ International Science News
၅း၃၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၄၀ ၁၀။ "အမွန်မြတ်ဆုံးလက်ဆောင်"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
၆း၄၅ ၁၄။ ရွှေရင်ခုန်သံ
၇း၁၀ ၁၅။ "စွမ်းအင်ဆိုင်ရာလုပ်ငန်းများ"
၇း၂၅ ၁၆။ မြန်မာ့ယဉ်ကျေးမှု အကအလှများ
၇း၃၀ ၁၇။ "စွယ်တော်မြတ်ပူဇော်ရေး ခရီးစဉ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း"
၇း၄၅ ၁၈။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၅)
၈း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၉)**
၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း "အဖေ" (လူမင်း၊ ထွန်းအိန္ဒြာဗို၊ ပန်းဖြူ) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၂၅။ အစီအစဉ်ပြီး၏။

# မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၂

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် Gen. Md Abdul Mubeen ၏ ဖိတ်ကြားချက်အရ ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီးတို့ ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းနေလင်းနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (နဝမနေ့) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၂

**ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(နဝမနေ့)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်(၆၂)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေး၌ ကြယ်ပွင့်ပြ မေးခွန်း(၂၈)ခုကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ စည်ပင်သာယာလုပ်ငန်း ကျေးလက်လမ်း၊ တံတားများနှင့် ပတ်သက်သည့် မေးခွန်း(၂၂)ခု၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း၊ တံတားများနှင့် ပတ်သက်သည့် မေးခွန်း(၅)ခု စုစုပေါင်းမေးခွန်း(၂၇)ခုကို သက်ဆိုင်ရာဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ တောရွာနေ ဆင်းရဲနွမ်းပါး လက်လုပ်လက်စားများအတွက် ၁၉၉၂ ခုနှစ် သစ်တောဥပဒေသည် တားဆီးပိတ်ပင်ထားသောကြောင့် ယင်းသစ်တောဥပဒေတွင် ဖြည့်စွက်ပြင်ဆင်ရန် ဥပဒေကြမ်းတင်သွင်းခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် အကြမ်းဖက်အဖျက်လုပ်ရပ်ကို ဆန့်ကျင်ရှုတ်ချသော အထူးအဆိုကို မှတ်တမ်းတင်ရန် ဆုံးဖြတ်ခြင်း၊ ၁၅-၁၁-၂၀၁၁ ရက် အစည်းအဝေးတွင် တင်သွင်းခဲ့သော ငါးသိုင်းချောင်းမြို့နယ်ခွဲကို မြို့နယ်အဆင့်၊ အသုတ်ကျေးရွာအုပ်စုကို မြို့အဖြစ်သတ်မှတ်ရေးအဆိုနှင့် လပွတ္တာမြို့နယ် ပြင်စလူမြို့နယ်ခွဲရှိ ပြင်အလန်းကျေးရွာအုပ်စုကို ပိုးလောင်းကျေးရွာအုပ်စုနှင့် သစ်ပုတ်ကျေးရွာအုပ်စုအဖြစ် ပြင်ဆင်ရန် အဆိုတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် ဆုံးဖြတ်ခြင်း၊ ၁၆-၁၁-၂၀၁၁ရက် အစည်းအဝေးတွင် တင်သွင်းခဲ့သော လယ်သမားနှင့် အင်းသမားများ နှစ်စဉ်ကြုံတွေ့နေရသော ပြဿနာများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းပြီး ထိထိရောက်ရောက် ဆောင်ရွက်သင့်ကြောင်း အဆိုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း ဆုံးဖြတ်ခြင်း၊ တရားမဝင် လောင်းကစားလုပ်ဆောင်နေမှုများနှင့် တရားမဝင် အရက်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရေး အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၅ နာရီတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

# မြေပုံမြို့နယ် နောင်တော်မြစ်အတွင်း အောင်တံခွန်(၂) သင်္ဘော ကျောက်ဆောင်နှင့်တိုက်မိ၊ သင်္ဘောဝမ်းဗိုက်ပေါက်သော်လည်း ခရီးသည်အားလုံးကို ကယ်တင်နိုင်ခဲ့

**ကျောက်ဖြူ နိုဝင်ဘာ ၂၂**

ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းသို့ လွှဲပြောင်းထားသည့် အောင်တံခွန်(၂) သင်္ဘောသည် နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီတွင် စစ်တွေမြို့မှ တောင်ကုတ်မြို့သို့ ခရီးသည် သင်္ဘောဝန်ထမ်းစုစုပေါင်း ၃၇၅ ဦးဖြင့် ထွက်ခွာလာရာ နိုဝင်ဘာ ၂၂ ရက် နံနက် ၄ နာရီကျော်ခန့် အလင်းရောင်မရှိသေးသည့်အချိန်တွင် မြေပုံမြို့နယ် နောင်တော်မြစ်အတွင်း အစိုင်းကြီးကျွန်းအနီး မုဆိုးမကျောက်တန်းအား တိုက်မိရာ သင်္ဘောဝမ်းဗိုက်ပေါက်သွားပြီး ကျောက်တန်း၌ တင်သွားခဲ့သည်။

အောင်တံခွန်(၂)သင်္ဘော မုဆိုးမကျောက်တန်းပေါ် တင်သွားစဉ် နိုဝင်ဘာ ၂၂ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်တွင် သင်္ဘောပေါ်ပါ ဟန်းဖုန်းကိုင်ဆောင်ထားသူတစ်ဦး ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့သို့ အချိန်နှစ်နာရီအတွင်း ခရီးသည်များအားလုံးကို လာရောက်ကယ်တင်ပေးပါရန်နှင့် နှစ်နာရီအတွင်း လာရောက်ကယ်တင်မှု မပြုလုပ်နိုင်ပါက ခရီးသည်အားလုံး ဒုက္ခရောက်နိုင်ကြောင်း သတင်းပေးပို့ခဲ့သဖြင့် ကျောက်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးဝင်းမြင့်က သက်ဆိုင်ရာအဖွဲ့အစည်း အဆင့်ဆင့်သို့ သတင်းပေးပို့ခဲ့ပြီး ၎င်းနှင့် ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးသည် အမှတ်(၂) င/လပွေ့ ဆိပ်ကမ်းသို့ ထွက်ခွာခဲ့သည်။ င/လပွေ့ဆိပ်ကမ်းတွင် အသင့်ရှိနေသည့် ငါးဖမ်းလှေတစ်စင်း၊ ဒေသအတွင်း ပြေးဆွဲနေသည့် ခရီးသည်တင် စက်လှေလေးစင်းတို့အား အကူအညီတောင်းပြီး ၎င်းတို့နှင့်အတူ အောင်တံခွန်(၂) သင်္ဘောရှိရာသို့ ထိုနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် ထွက်ခွာလာရာ အဆိုပါ သင်္ဘောရှိရာသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

ထို့နောက် ဒုရဲမှူးဝင်းမြင့်နှင့် အဖွဲ့သည် သင်္ဘောပေါ်မှ ခရီးသည်များအား စက်လှေပေါ်သို့ ကယ်တင်ရန် ဆောင်ရွက်ခဲ့ရာ ၎င်းနေရာသည် ကျောက်ဆောင်များ ပေါများခြင်း၊ လှိုင်းကြီးခြင်းတို့ကြောင့် သင်္ဘောအနီးသို့ စက်လှေများကပ်ရန် အခက်အခဲများရှိသဖြင့် အနီးသို့ ရောက်ရှိလာကြသည့် ဟွန်ဒါစက်လှေငယ် ၁၀ စင်း အကူအညီတောင်းကာ တပ်ဖွဲ့ဝင်များက သင်္ဘောပေါ်မှ ခရီးသည်များကို စက်လှေပေါ်သို့ စနစ်တကျ ရွှေ့ပြောင်းသယ်ယူနိုင်မှုကြောင့် ခရီးသည် ၃၅၅ ဦးအား နံနက် ၉ နာရီတွင် ဘေးမသီရန်မခ ကျန်းကျန်းမာမာ အချိန်မီ ကယ်တင်နိုင်ခဲ့သည်။

အဆိုပါ မုဆိုးမကျောက်တန်းပေါ်တွင် တင်သွားသည့် အောင်တံခွန်(၂) သင်္ဘောရှိရာသို့ ထိုနေ့နံနက် ၈ နာရီခန့်တွင် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ခင်၊ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဦးအောင်ကျော်မင်း၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းတို့နှင့်အတူ ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့မှ အဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှသင်္ဘောနှင့် တပ်မတော်သားများ ရောက်ရှိလာပြီး ခရီးသည်များအားလုံး ဘေးအန္တရာယ်မှ ကင်းဝေးစေရေးကို စနစ်တကျအားပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အောင်တံခွန်(၂) သင်္ဘောမှာ စစ်တွေ၊ ပေါက်တော၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်မြို့များသို့ ခရီးသည်များအတွက် ပြေးဆွဲနေသည့် သင်္ဘောဖြစ်သည်။ အဆိုပါသင်္ဘောပေါ်တွင် ခရီးသည် ကျား ၁၅၃ ဦး၊ မ ၁၇၂ ဦး၊ ကလေး ၂၀၊ သံဃာတော် ၁၀ ပါး၊ သင်္ဘောဝန်ထမ်း ၂၀ ပေါင်း ၃၇၅ ဦး ပါဝင်ခဲ့ပြီး ခရီးသည်များအတွင်း ကျောက်ဖြူမြို့တွင် အခမဲ့မျက်စိခွဲစိတ်ရန် လာရောက်ကြသည့် မြေပုံမြို့နယ်မှ မျက်စိဝေဒနာရှင် ၈၀ ပါဝင်ခဲ့သည်။ ကျောက်ဖြူဆိပ်ကမ်းသို့ ရောက်ရှိလာသော ခရီးသည်များအား ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက နေရေး၊ ထိုင်ရေး၊ တည်းခိုရေးတို့ကို ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ စောမိုးကျော် (၅၀၉)

# စက်သုံးဆီ ရောင်းဈေးနှုန်းများ

## ၂၂-၁၁-၂၀၁၁ (အင်္ဂါနေ့)

| Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း | ဓာတ်ဆီ 92 Ron | ဒီဇယ်ဆီ |
|---|---|---|
| USD/IG | ၃.၁၃ | ၃.၇၁ |
| ကျပ်/ဂါလန် (1 USD=800 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း) | ၂၅၀၄.၀၀ | ၂၉၆၈.၀၀ |

| အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ (အမေရိကန်ဒေါ်လာ/ဂါလန်) | | |
|---|---|---|
| နိုင်ငံ | ဓာတ်ဆီ 92Ron | ဒီဇယ်ဆီ |
| ကမ္ဘောဒီးယား | ၅.၈၃ | ၅.၄၄ |
| ထိုင်း | ၄.၉၉ | ၄.၁၃ |
| အိန္ဒိယ | ၆.၀၆ | ၃.၉၉ |
| တရုတ် | ၄.၁၉ | ၄.၃၈ |
| ဘင်္ဂလားဒေ့ရှ် | ၅.၀၁ | ၃.၁၂ |
| လာအို | ၆.၄၇ | ၅.၃၃ |
| စင်ကာပူ | ၅.၅၅ | ၇.၀၉ |
| အင်ဒိုနီးရှား | ၃.၈၆ | ၃.၉၆ |
| ဖိလစ်ပိုင် | ၅.၉၇ | ၄.၆၅ |
| ဘရူနိုင်း | ၁.၇၇ | ၁.၀၈ |
| ကိုရီးယား | ၈.၀၉ | ၇.၂၄ |

**ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ** (ကျပ်/ဂါလန်)

| ဒေသများ | ပြည်တွင်းထုတ် ဓာတ်ဆီ | | ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92Ron | | ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ | |
|---|---|---|---|---|---|---|
| | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း |
| နေပြည်တော် | ၂၅၀၀ | ၄၉၀၀ | ၃၉၀၀ | ၄၀၀၀ | ၃၆၀၀ | ၃၆၀၀ |
| ရန်ကုန် | ၂၅၀၀ | ၄၅၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၄၀၀ | ၃၄၀၀ |
| မန္တလေး | ၂၅၀၀ | ၄၈၀၀ | ၄၁၀၀ | ၄၁၀၀ | ၃၇၀၀ | ၃၇၀၀ |
| ပုသိမ် | ၂၅၀၀ | ၄၈၀၀ | ၃၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၃၄၀၀ |
| ပဲခူး | ၂၅၀၀ | ၄၇၀၀ | ၃၇၀၀ | ၃၈၀၀ | ၃၅၅၀ | ၃၆၀၀ |
| ပြည် | ၂၅၀၀ | ၄၈၀၀ | ၃၉၀၀ | ၃၈၀၀ | ၃၆၀၀ | ၃၆၀၀ |
| မကွေး | ၂၅၀၀ | ၄၀၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၅၀၀ |
| မုံရွာ | ၂၅၀၀ | ၄၆၀၀ | ၄၃၀၀ | ၄၀၀၀ | ၃၉၀၀ | ၃၄၀၀ |
| တောင်ကြီး | ၂၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ |
| လားရှိုး | ၂၅၀၀ | ၃၆၀၀ | ၄၃၅၀ | ၃၈၀၀ | ၃၉၀၀ | ၃၆၀၀ |
| ကျိုင်းတုံ | - | - | ၃၉၅၀ | ၃၉၅၀ | ၄၁၀၀ | ၄၁၀၀ |
| မော်လမြိုင် | ၂၅၀၀ | ၃၈၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၄၀၀ |
| လွိုင်ကော် | ၂၅၀၀ | ၅၁၅၀ | ၄၁၀၀ | ၄၁၀၀ | ၃၇၅၀ | ၃၇၅၀ |
| ဘားအံ | ၂၅၀၀ | ၃၇၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၇၀၀ | ၃၆၀၀ |
| မြိတ် | ၂၅၀၀ | ၂၈၀၀ | - | ၃၂၀၀ | - | ၃၀၀၀ |
| စစ်တွေ | ၂၅၀၀ | ၅၃၀၀ | - | - | ၃၆၀၀ | ၃၃၅၀ |
| မြစ်ကြီးနား | ၂၅၀၀ | ၅၀၀၀ | - | ၄၅၀၀ | ၄၀၀၀ | ၄၀၀၀ |
| ဟားခါး | ၂၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၈၀၀ | ၄၁၀၀ | ၄၀၀၀ |

၁။ လွတ်လပ်စွာ ပုဂ္ဂလိကတင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ဓာတ်ဆီ 92 Ron နှင့် ဒီဇယ်ဆီရောင်းဈေးနှုန်းများသည် အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက သက်သာမှုရှိသည်ကို တွေ့ရှိရသော်လည်း နေ့စဉ် MOPS ဈေးနှုန်းအရ ရန်ကုန်ဆိပ်ကမ်းအရောက် ဈေးနှုန်းအပေါ်တွင် ခန့်မှန်းရောင်းဈေးနှုန်းကို တွက်ချက်ကြည့်မည်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့် ရောင်းဈေးနှုန်းများထက် ပိုများနေကြောင်း တွေ့ရှိရပါသည်။

၂။ ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကအရောင်းဆိုင်များမှ တစ်ဂါလန်လျှင် ၂၅၀၀ိ/ ဈေးနှုန်းတစ်ပြေးညီဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော်လည်း ပြင်ပပေါက်ဈေးနှုန်းသည် ဝိသမလောဘသမားများကြောင့် အဆမတန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

# KIA(ကချင်) အဖွဲ့၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၂၂**

KIA (ကချင်)အဖွဲ့သည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီခွဲခန့်တွင် ကချင်ပြည်နယ် မန်စီမြို့နယ် ကုန်းတိန်ကျေးရွာ၌ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့သဖြင့် ဦးအောင်သာ(၄၂)နှစ်၏ ညာရင်အုံနှင့် ဘယ်ဘက်ခါးတို့တွင် လက်နက်ငယ်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း အဆိုပါအဖွဲ့အား မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# KIA အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာများရရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဗန်းမော်ခရိုင် မန်စီမြို့နယ် ပန်ဆပ်ကျေးရွာရှိ ဦးဇော်အောင်၏လယ်၌ စာရင်းငှားလုပ်ကိုင်နေသူ မောင်ကျန်ရွှေ အသက် (၁၅)နှစ်သည် နိုဝင်ဘာ ၁၆ ရက် ညနေ ၅ နာရီခန့်တွင် စပါးရိတ်သိမ်းရန်အတွက် လယ်ကွင်းထဲသွားရောက်စဉ် KIA အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ဝဲဘက်ပေါင်နှင့် ဒူးခေါင်းတို့တွင် မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဗန်းမော်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၂

**(၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ညနေ ၄ နာရီ ၃၅ မိနစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 5 ခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။**

ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာဆီယံ ဗီဒီယိုမှတ်တမ်းကိုပြသပြီး အာဆီယံ အလှည့်ကျဥက္ကဋ္ဌ အိမ်ရှင် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက မိန့်ခွန်း ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၇ သို့ ❍**



**(၁၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ပိတ်ပွဲ အခမ်းအနားကို ဘာလီမြို့ရှိ Bali Nusa Dua Convention Centre (BNDCC), Nusa Dua 5 ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

## (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဂျကာတာ နိုဝင်ဘာ ၂၂**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ပါလမ်ဘန်မြို့များတွင် နိုဝင်ဘာ ၁၁ ရက်က စတင်ကျင်းပခဲ့သော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်တွင် ဆူမားတြားကျွန်းတောင်ပိုင်းရှိ ပါလမ်ဘန်မြို့ ဆရီဝိဇယ အားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားသို့ အရှေ့တောင်အာရှ ၁၀ နိုင်ငံမှ အားကစားအဖွဲ့ဝင်ဦးရေ ထောင်နှင့်ချီ၍ ပါဝင်ဆင်နွှဲခဲ့ကြပြီး ပါဝင်ကပြသူဦးရေ ၁၀၀၀ ခန့်နှင့် အင်ဒိုနီးရှားနိုင်ငံမှ အဆိုတော်များလည်း ပါဝင်သီဆိုဖျော်ဖြေကြသည်။ အဆိုအကဖျော်ဖြေမှုများကို အထူးပြုလုပ်ချက် အများအပြားပါဝင်သည့် ရောင်စုံမီးများဖြင့် တွဲဖက်တင်ဆက်ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❏**

ယ နေ့ သ တ င် း အ ညွှ န် း

**အောင်တံခွန်(၂)သဘော် ကျောက်ဆောင်နှင့်တိုက်မိ ခရီးသည်အားလုံးကယ်တင်နိုင်ခဲ့**

ပြည်တွင်းသတင်း စာမျက်နှာ - ၁၀